# ပုံပြင်လက်ဆောင်



* စကားဆို သဏ္ဍာန်သရုပ်တွေနဲ့
အမှားကို အမှန်လုပ်လျှင်ဖြင့်
ပြန်ဆုတ်ဖို့ လမ်းမမြင်။

* "အားမာန် ပို မောက်ကြွားစွာနဲ့
မားလုံ့ကို မြှောက်ကစားကာကွဲ့
သွားကလေးနှင့် ကိုက်ကာယူ. . ."
များဗိုလ်လူ အံ့မခန်းတာမို့
မြှောစမ်းပါ ဆရာကို မေးလေတော့
"သင်ပေးသူ ဆရာမရှိအမှန်ပေါ့
ငါ၏မာန် ငါ၏ အစွမ်းရယ်ကြောင့်
ကျွမ်းခဲ့သည်ပင်. . ."တဲ့။

* အတွေးကျူး မဆင်ခြင်
တျော့ရူး ဘယ်မတင်ဘဲ
ထိုလူလင် မလီမွာတော့
ဆရာ ကာပြန် အာလုံ့ စူးပါသတဲ့
ဖတ်ဖူးခဲ့ ရှေးပုံပြင်
ဆင်ခြင်မိ အထပ်ထပ်။

သူငယ်ချင်းရေ. . .
မင်းလည်းလေ မင်းရဲ့လမ်း
ငါလည်းလေ ငါရဲ့လမ်း
လျှောက်လှမ်းကာ အလှဖြေ့(ဖြည့်)သည်မို့
ဘဝတစ်ကွေ့ ကြုံဆုံစဉ်၌
သည်ပုံပြင် လက်ဆောင်ပေးချင်ရဲ့
အတွေးကို အပူမဟပ်ပါပဲ
အပေးကို အယူ တတ်အောင်လို့
နှောင်းပုံပြင် ဇာတ်သနစ်ကိုဖြင့်
ဖတ်ဖြစ်အောင် ဖတ်။
ပြော်. . . မှတ်ဖြစ်အောင် မှတ်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း
၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ